Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၂၃ ခုနှစ်

**ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ နိုဝင်ဘာလ ၆-၁၉ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်**

**ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း**

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - နိုဝင်ဘာလ ၅ရက်၊ ၂၀၂၃ | နိုဝင်ဘာလ ၆-၁၉ ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၁၆ | ၆၁ | ၄၇၇ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | ၁၅ | ၃၇၀ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၆၅ | ၂၆ | ၄၉၈ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၇ | ၂၇ | ၁၉၉ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၁ | | ၆၂၁ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၇၆ | | ၃၇၆ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ နိုဝင်ဘာလ ၅ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် နိုဝင်ဘာလ ၆ ရက် – နိုဝင်ဘာလ ၁၉ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | ၄၀၀၀၀ | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၈၂၆၁၅** |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ နိုဝင်ဘာလ ၆-၁၉ ရက်နေ့ထိ၊ ၂၀၂၃ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီမောဆို
ရှားတော
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ဘီပီ - ၉
ဘီပီ - ၁၀
ဘီပီ - ၁၁
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
# ၁
# ၂
ထိုင်းနိုင်ငံ
အညွှန်း
မြို့နယ်
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
KA + KNDF+ LPDF နှင့် စကစ တိုက်ပွဲနေရာများ
တည်ဆောက်ရန် လျာထားသည့်ရေကာတာများ
တည်ဆောက်ပြီးရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
စကစ မှ ဖြုတ်သိမ်းသော ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),( ၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community


**လှိုင်ကော်မြို့အတွင်းတော်လှန်တပ်ပေါင်းစုများ ဝင်ရောက် စစ်ကောင်စီဝေဟင်၏ မြေပြင် တိုက်ခိုက်မှုကြောင့် အရပ်သား ၆၁ ဦးသေဆုံး ၂၆ ဦးထိခိုက်ဒဏ်ရာရရှိ**

ကရင်နီတော်လှန်တပ်ပေါင်းစုများ စစ်ဆင်ရေး ၁၁၀၇ သည် မယ်စဲ့မြို့နယ်တွင် စတင်ခဲ့ပြီး စစ်ဆင်ရေး ၁၁၁၁ အား လှိုင်ကော်၊ ဒီးမော့ဆိုနှင့် မိုးဗြဲမြို့တို့တွင် တိုက်ပွဲများဖော်ဆောင်ကာ သိမ်းပိုက်ခဲ့သော နေရာများ ၁၀ နေရာရှိသည်။ လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် လှိုင်ကော်မြို့တွင် အဓိက နေရာယူထားကြပြီး စစ်ကောင်စီတပ်များ၏ ဝေဟင်အပြင် မြေပြင်တိုက်ခိုက်မှုများကြောင့် အရပ်သား ၆၁ ဦးသေဆုံးကာ ၂၆ ဦးထိခိုက်ဒဏ်ရာရရှိသွားခဲ့သည့်အပြင် ဘုန်းကြီးကျောင်းအပါအဝင် အဆောက်အဦး ၂၇ လုံးထိမှန်ပျက်စီးသွားခဲ့သည်။ စစ်ကောင်စီတပ်များ၏ တိုက်ခိုက်မှုများကြောင့် လှိုင်ကော်မြို့နေ ပြည်သူ ၈၀ ရာခိုင်နှုန်း အိုးအိမ်စွန့်ခွါထွက်ပြေးနေကြရပြီး ကမ္ဘာ့ကုလသမဂအဖွဲ့အစည်းမှဝန်ထမ်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ၎င်းတို့၏မိသားစုဝင် ၂၂၈ ဦးတို့အား ကရင်နီပြည်နယ် ကြားကာလ အုပ်ချုပ်ရေးကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့ ပူးပေါင်းစီစဉ်မှုဖြင့် တောင်ကြီးမြို့သို့ လုံခြုံစွာ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်။

နိုဝင်ဘာလ ၇ရက်၊ (၁၁)လပိုင်း၊ (၇)ရက်နေ့ကိုအစွဲပြုပြီး ကရင်နီပြည်တွင် ၁၁၀၇ စစ်ဆင်ရေးကို ပြည်နယ်အတွင်းရှိ လက်နက်ကိုင်တော်လှန်ရေးတပ်များမှ စုပေါင်းပြီး စတင်ခဲ့ပါသည်။ ၁၁၀၇ ကို ပွဲဦးထွက် အနေဖြင့် မယ်စဲ့မြို့နယ်၊ ပန်တိန်းကျေးရွာအနီးရှိ ယခင်နယ်ခြားစောင့်တပ်အမှတ် ၁၀၀၄ စခန်းကို KA, KNDF တို့မှ နံနက် (၄)နာရီအချိန်တွင် သွားရောက်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ အနည်းဆုံး (၁၁)ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများလည်းရှိသကဲ့သို့ ၎င်းတို့၏ လက်နက်ခဲယမ်း အများအပြားကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ တိုက်ပွဲအတွင်း တော်လှန်ရေးတပ်ဖွဲ့များ မှလည်း အကျအဆုံးရှိခဲ့ပါသည်။ တိုက်ပွဲဖြစ်နေချိန်တွင် စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် လာရောက်ဗုံးကြဲ တိုက်ခိုက် ခဲ့ပါသည်။

နိုဝင်ဘာလ ၉ရက်၊ ည(၁၁)နာရီ ခွဲအချိန်ခန့်တွင် လှိုင်လင်လေးအခြေစိုက် ခလရ ၅၃၀ တပ်ရင်းမှ လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် လှိုင်လင်လေးမြို့အရှေ့ဘက်ရှိ ကျေးရွာတစ်ရွာသို့ ကျရောက်ပြီး ပြည်သူနေအိမ် ၅ လုံး ထိခိုက်ခဲ့သလို အသက် (၁၀) အရွယ် အမျိုးသမီးငယ်တစ်ဦး ထိမှန်သေဆုံး ခဲ့ပါသည်။ ထိုတရက်အတွင်း ဒီးမော့ဆိုအခြေစိုက် ခလရ (၁၀၂)တပ်မှ ထီးဖိုးကလိုးကျေးရွာအုပ်စုဘက်သို့ လက်နက်ကြီး ပစ်ခတ်ခြင်းကြောင့် အသက်(၆၀)အရွယ် အမျိုးသမီးတစ်ဦးထိခိုက်သေဆုံးခဲ့ရပြီး အသက် ၂၂ နှစ် အရွယ် အမျိုးသမီးတစ်ဦးအား ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် လှိုင်ကော်မြို့နယ်၊ မထောခူ ကျေးရွာတွင်လည်း ညနေ (၄)နာရီ ဝန်းကျင်ခန့်တွင် စစ်ကောင်စီ၏ လက်နက်ကြီးကျရောက်မှုကြောင့် အသက် (၄၅)နှစ်အရွယ် အမျိုးသမီးတစ်ဦး ထိမှန်သေဆုံးခဲ့ပါသည်။

နိုဝင်ဘာလ ၁၀ ရက်၊ နေ့လည် ၁ နာရီအချိန်တွင် ဒီးမော့ဆိုအနောက်ဘက်ခြမ်း တစ်နေရာအား စစ်ကောင်စီ တပ်များမှ လေယာဉ်နှစ်စင်းဖြင့် သုံးကြိမ်ဗုံးကြဲတိုက်ခိုက်ကာ အရပ်သားပြည်သူတစ်ဦး ထိမှန်ဒဏ်ရာရရှိ သွားခဲ့သည်။




နိုဝင်ဘာလ ၁၁ရက်၊ တော်လှန်ရေးအင်အားစုများKA, KNDF, KNPLF, DMO PDF, Loikaw PDF, Moebye PDF, Pekhon PDF, Southern Shan PDF တို့မှ ၁၁၁၁ စစ်ဆင်ရေးကို နိုဝင်ဘာလ ၁၁ရက်နေ့ နံနက် ၅ နာရီခွဲအချိန်၌ ဒီးမော့ဆိုမြို့နယ်၊ မိုးဗြဲမြို့အပြင် လွိုင်ကော်မြို့ပြင်ရှိ စစ်ကောင်စီဂိတ်နှင့် တပ်စခန်းများရှိသည့်

ထေး၌းလျားရပ်ကွက်၊ ချိကယ်ရပ်ကွက်၊ ငါးမြောင်ရပ်ကွက်နှင့် လွိုင်ကော်စက်မှုဇုန်တို့တွင် စတင်တိုက်ခိုက်ခဲပါသည်။ ၎င်စစ်ဆင်ရေးတွင် စစ်ကောင်စီ၏ စခန်း (၇)ခုကို ချေမှုန်းနိုင်ခဲ့ပြီး ၎င်းတို့၏ လက်နက်(၁၀၀) ကျော်ကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ တစ်နေ့တာတိုက်ပွဲတွင် တော်လှန်ရေးရဲဘော် များဖက်မှ (၁၀)ဦး ကျဆုံးပြီး စစ်ကောင်စီတပ်မှ ထိခိုက်မှု၊ သေဆုံးမှုများပြားခဲ့ပါသည်။ စစ်ကောင်စီ၏ တပ်သား (၁၂)ဦးကိုလည်း အရှင်ဖမ်းဆီးရမိခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ လက်နက်ကြီးများ၊ တိုက်လေယာဉ်နှစ်စင်းဖြင့် အကြိမ် ၂၀ နီးပါးပစ်ဗုံးကြဲတိုက်ခိုက်ပြီး ရဟတ်ယာဉ်ဖြင့်လည်း ပစ်ခတ်မှုများ ရှိခဲ့ပါသည်။ စစ်ကောင်စီ၏ တိုက်လေယာဉ်တစ်စင်းအား KA, KNDFရဲဘော် နှစ်ဦးမှ Point 5 ဖြင့် ပစ်ခတ်မှုကြောင့် ထိမှန်ကာ ပျက်ကျသွားခဲ့ပါသည်။ နှစ်ဖက်တိုက်ပွဲတွင် စစ်ကောင်စီတပ်မှ လေယာဉ်အကြိမ် ၂၀ နီးပါး ဗုံးကြဲတိုက်ခိုက်သည့်အပြင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူနေအိမ် အလုံး (၂၀)ခန့် ထိခိုက်ပျက်စီးခဲ့သွားခဲ့သည်။ ထိုတရက်တည်းအတွင်း နံနက် ၉ နာရီအချိန်တွင် စစ်ကောင်စီတပ်များမှ တိုက်လေယဉ်နှစ်စင်းဖြင့် ဒီးမော့ဆိုအနောက်ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာအား နှစ်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အပြင် စက်သေနတ်ဖြင့်လည်း ပစ်ခတ်တိုက်ခိုက်၍ နေအိမ် ၇ လုံးထိမှန်ပျက်စီးသွားခဲ့ပြီး စပါးကျီးနှင့် ထော်လtတစ်စီးထိမှန်ပျက်စီးသွားခဲ့သည်။

နိုဝင်ဘာလ ၁၃ရက်၊ လွိုင်ကော်တက္ကသိုလ်ကျောင်းအတွင်း တပ်စွဲထားသည့် ခမရ ၄၂၅ တပ်ရင်းကို တော်လှန်ရေးတပ်ဖွဲ့များမှ တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီ၏ တပ်ရင်းမှူးအပါအဝင် ဒုတပ်ရင်းမှူးများ တပ်သားအများအပြားကို ချေမှုန်းနိုင်ခဲ့ပါသည်။ နိုဝင်ဘာလ ၁၄ရက်နေ့တွင် တက္ကသိုလ်ကျောင်းအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်သား ၃၂ ဦး လက်နက်ချအညံ့ခံခဲ့ပါသည်။ ၁၁ရက်နေ့ကတည်းကပင် တိုက်ပွဲပြင်းထန်နေသည့် လွိုင်ကော်မြို့ရှိ ဒေါဥခူရပ်ကွက်၊ ချိကယ်ရပ်ကွက်၊ နာနတ်တောရပ်ကွက်၊ နောင်ယားရပ်ကွက်များပေါ်သို့ စစ်ကောင်စီတပ်မှ ပေါင် ၅၀၀ ဗုံး အနည်းဆုံး ၁၀လုံးအား စစ်လေယာဉ် ၂ စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ဖယ်ခုံ၊ မိုးဗြဲနှင့် လွိုင်ကော်မြို့တို့တွင် စစ်ကောင်စီတပ်မှ ပစ်ခတ်သော လက်နက်ကြီးများ၊ လက်နက်ငယ်များအပြင် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူအရပ်သား (၂၀)ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူမှာ (၁၅)ဦးခန့်ရှိပါသည်။ ၃ရက်တာအတွင်း အရပ်သားပြည်သူ (၁၅)ဦးခန့်လည်း စစ်ကောင်စီ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပါသည်။

နိုဝင်ဘာလ ၁၄ရက်၊ စစ်ကောင်စီမှ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးသူ ၉ဦး၊ ပစ်ခတ်မှုကြောင့် သေဆုံးသူ ၆ ဦးအပြင် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၄ ဦး စုစုပေါင်း (၁၉) ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ (၇)ဦးရှိသည်။

နိုဝင်ဘာလ ၁၅ရက်၊ ထိုင်းနိုင်ငံ နှင့် နယ်ထိစပ်နေသည့် ဒေါနိုးကူး စစ်ရှောင်စခန်းသို့ စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် စစ်ရှောင် ၁၀၀၀ ကျော်သည် ထိုင်းနိုင်ငံရှိ အမှတ် ၁ ဒုက္ခသည်စခန်းအနီးသို့ ထွက်ပြေးတိမ်းရှောင်လာကြရပါသည်။ လွိုင်ကော်မြို့နယ်တွင်လည်း စစ်ကောင်စီတပ်မှ လက်နက်ကြီး ပစ်ခတ်ခြင်းကြောင့် မိုင်းလုံးရပ်ကွက်တွင်ကျရောက်ပြီး သားအမိ (၂)ဦးသေဆုံးကာ ကလေးတစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် လွိုင်ကော်အရှေ့ဘက်ခြမ်းတွင်လည်း လက်နက်ကြီးကြောင့် နမ့်ကွတ်မှ စစ်ရှောင်လာသည့် ပြည်သူတစ်ဦး ထိမှန်သေဆုံးခဲ့ပါသည်။ လွိုင်ကော်မြို့နယ်၊ ဒေါဥခူရပ်ကွက်တွင်လည်း

စစ်ကောင်စီတပ်၏ လက်နက်ကြီးကြောင့် ဗုဒ္ဓဘုန်းကြီးကျောင်း ထိခိုက်ပျက်စီးရပြီး မြေနီကုန်းတွင်လည်း အသက် (၈)နှစ်အရွယ် ယောကျ်ားလေးတစ်ဦး ထိမှန်သေဆုံးခဲ့ပါသည်။

နိုဝင်ဘာလ ၁၆ရက်၊ စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် လွိုင်ကော်မြို့ရှိ ပြည်သူ (၅)ဦး ထိမှန်သေဆုံးသွားပါသည်။ လွိုင်ကော်မြို့ထေး၌းလျားကျေးရွာအနီးတွင်လည်း လက်နောက်ပြန်တုပ်ကာ ဖမ်းဆီးသတ်ဖြတ် ခံရသည့် ရုပ်အလောင်းတစ်ခုကို တွေ့ရှိရပါသည်။

နိုဝင်ဘာလ ၁၇ရက်၊ လွိုင်ကော်မြို့နယ်တရားရုံးတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်အား နံနက်ပိုင်းတွင် တော်လှန်ရေးတပ်ဖွဲ့များမှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တရားရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။

နိုဝင်ဘာလ ၁၈ရက်၊ နိုဝင်ဘာလ ၁၇ နှင့် ၁၈ရက်တို့တွင် စစ်ကောင်စီမှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် အရပ်သားပြည်သူ (၇)ဦး ထိမှန်သေဆုံးခဲ့ပါသည်။ ကရင်နီပြည်နယ် လွိုင်ကော်မြို့နယ် အခြေစိုက် ကမ္ဘာ့ကုလသမဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ မိသားစုဝင်များနှင့် ဝန်ထမ်းပေါင်း ၂၂၈ ဦးအား ကရင်နီတော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များ၊ ကရင်နီကြားကာလ အုပ်ချုပ်ရေးကော်စီ၊ အမျိုးသားညီညွတ်ရေးကော်စီတို့၏ စီစဉ်ပေးမှုဖြင့် လွိုင်ကော်မြို့ကနေထွက်ခွါပြီး တောင်ကြီးမြို့သို့ ရွှေ့ပြောင်းနိုင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရနှင့် ကရင်နီပြည်ကြားကာလ အုပ်ချုပ်ကော်စီက ထုတ်ပြန်သည်။

နိုဝင်ဘာလ ၁၉ရက်၊ လွိုင်ကော်မြို့လယ်ရှိ ဥတ္တရာရုံကျောင်းတိုက်တွင် မနက်ပိုင်း၌ လက်နက်ကြီးကျရောက်ခဲ့ပြီး ကိုရင်နှစ်ပါး ပျံလွန်တော်မူခဲ့ပါသည်။ လက်နက်ကြီးကြောင့် ကျောင်းတိုက်လည်း ထိခိုက်ပျက်စီးခဲ့ပါသည်။ သည့်အပြင် စစ်ကောင်စီတပ်များမှ လေယာဉ်ဖြင့် ဒီးမော့ဆိုအနောက်ဘက်ခြမ်းအတွင်း ဗုံးကြဲတိုက်ခိုက်မှု များကြောင့် အရပ်သား ၄ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com